**“ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ”**

**(၁/၂၀၂၃) အစည်းအဝေးကျင်းပ**

**နေပြည်တော်၊ ဒီဇင်ဘာ ၁၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်၊ (၁၃:၀၀) နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပပါသည်။

အစည်းအဝေးသို့ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်းကဦးဆောင်ကျင်းပခဲ့ပြီး ချင်းပြည်နယ်စီးပွားရေးဝန်ကြီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ အတွင်းရေးမှူးများ၊ ဦးစီးဌာနများမှကော်မတီအဖွဲ့ဝင်များနှင့် ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၃) ဖြင့် ၂၀-၄-၂၀၂၃ ရက်နေ့တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ မိုခါမုန်တိုင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးနိုင်မှုများ ကောက်ယူနိုင်ရေးအတွက် SOP များရေးဆွဲပြီး Mobile Team ဖွဲ့စည်း၍ တိုင်းဒေသကြီး/ ပြည်နယ်များသို့ စေလွှတ်ခဲ့ပါကြောင်း၊ မုန်တိုင်းဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်ရှိမြို့နယ် (၁၇) ခုတွင် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူနိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့မှ စေလွှတ်ထားသော Mobile Team နှင့် စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများဖြင့် အဖွဲ့များဖွဲ့၍ဆောင်ရွက်ခဲ့ရပါကြောင်း၊

လုပ်ငန်းကော်မတီ၏ အဓိကတာဝန်များတွင် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေးအတွက်သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ကြိုတင်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်မှုစနစ်များထူထောင်ထားရန်၊ လူမှုရေး၊

စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုစာရင်းများရရှိရေးနှင့် အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီးသည်နှင့် ဖြစ်နိုင်သမျှ ချက်ချင်းသတင်းရရှိရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဆက်သွယ်ရေးကွန်ယက်စနစ်များ ထူထောင်ထားရန်နှင့် မြေပြင်သတင်းရယူရေးအဖွဲ့များ ဖွဲ့စည်းထားရန်တို့ ဖော်ပြပါရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများနှင့်ဆက်စပ်သည့် **ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနစသည့် ဝန်ကြီးဌာန**များမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းရန်လိုအပ်သည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းကော်မတီတွင်ပါဝင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများက တိုင်းဒေသကြီး/ပြည်နယ်များမှာရှိသည့် ဌာနများ၏ ကိုယ်စားလှယ်များနှင့် ကွန်ယက်ချိတ်ဆက်ဆောင်ရွက်ထားရန်နှင့် ကွန်ယက်ချိတ်ဆက်မှုကိုပြုစုပြီး အတွင်းရေးမှူးရုံးသို့ ပေးပို့ထားရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဘေးအန္တရာယ်ဖြစ်ပွားသည့်အခါ လိုအပ်ပါက ပျက်စီးဆုံးရှုံးမှုစာရင်းများ စုစည်းရယူနိုင်ရေးအတွက် **ပျက်စီးဆုံးရှုံးမှု စာရင်းများစုစည်းရယူရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရန်** လို/မလို အကြံပြုဆွေးနွေးပေးရန်ဖြစ်ကြောင်းပြောကြားပါသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီအသစ်ပြန်လည်ဖွဲ့စည်းထားရှိမှု၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဖွဲ့စည်းထားရှိမှု၊ ဆက်သွယ်ရေးကွန်ယက်စနစ်နှင့် မြေပြင်သတင်းရယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေများကို တင်ပြပြီး တက်ရောက်လာသည့်ကော်မတီဝင်များက ဆွေးနွေးတင်ပြကြပါသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အထိရောက်ဆုံးဖြစ်စေရေးအတွက် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ကောက်ယူစုစည်းရာတွင် အမှန်တကယ် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိရန်လိုအပ်ပြီး၊ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြား ချိတ်ဆက်မှုအားကောင်းရန်နှင့် ခိုင်မာသည့် စာရင်းအင်းများရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားပါသည်။